# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၃/ ၂၀၂၄) ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁) ရက်

| ၁ – ၈ – ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၆၃.၈ |
| စင်္ကာပူဒေါ်လာ | ၁,၅၆၉.၄ |
| စတာလင်ပေါင် | ၂,၆၈၁.၀ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၀၂.၈ |
| တရုတ်ယွမ် | ၂၈၉.၉၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၇၂ |
| အိန္ဒိယရူပီး | ၂၅.၀၇၆ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၃.၆၄ |
| မလေးရှား ရင်းဂစ် | ၄၅၉.၄၂ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၉၉၉ |
| ထိုင်းဘတ် | ၅၈.၉၆၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၃၂၅၁ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယအစိုးရက တောင်သူများ၏ စိုက်ပျိုးထွက်ရှိသော ပဲနီလေး၊ မတ်ပဲနှင့် ပဲစင်းငုံတို့ကို အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းဖြင့်ဝယ်ယူမည်ဟု စိုက်ပျိုးရေးဝန်ကြီး က ပြောကြား

➢ အိန္ဒိယသည် သကြားအတွက် အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းနှင့် အီသနောထုတ်လုပ်မှု မူဝါဒများကို မကြာမီ ဆုံးဖြတ်မည်

➢ အိမ်နီးချင်းနိုင်ငံများမှ ချင်း(ဂျင်း)နှင့် ကွမ်းသီးအခြောက်အများ တင်သွင်းမှုကြောင့် မီဇိုရမ်တောင်သူများကို ထိခိုက်နစ်နာစေသည်ဟု ပြည်နယ်အထက်လွှတ်တော်အမတ်ပြောကြား

➢ ရုရှား Rosselkhoznadzor ဌာနသည် အမေရိကန်ပြည်ထောင်စုမှ ကြက်ထုတ်ကုန်များ တင်သွင်းမှုကို ကန့်သတ်

- **အထွေထွေသတင်းများ**

➢ ရုရှားနိုင်ငံမှ ဓာတ်ဆီတင်ပို့မှု တားမြစ်ချက် ဩဂုတ်လ ၁ ရက်မှစ၍ ပြန်လည်အသက်ဝင်မည်

## အိန္ဒိယအစိုးရက တောင်သူများ၏ စိုက်ပျိုးထွက်ရှိသော ပဲနီလေး၊ မတ်ပဲနှင့် ပဲစင်းငုံတို့ကို အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းဖြင့်ဝယ်ယူမည်ဟု စိုက်ပျိုးရေးဝန်ကြီးက ပြောကြား

အိန္ဒိယအစိုးရသည် တောင်သူများ၏ စိုက်ပျိုးထွက်ရှိသော ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေး အားလုံးကိုဝယ်ယူမည်ဟု သောကြာနေ့တွင် အထက်လွှတ်တော် (Rajya Sabha) က မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေးဝန်ကြီး Shivraj Singh Chouhan က ဖြေကြားစဉ် ပြောကြားခဲ့ကြောင်းနှင့် တောင်သူများအနေဖြင့် e-Samridhi platform တွင် ကိုယ်တိုင်မှတ်ပုံတင်ရမည်ဖြစ်ပြီး ယင်းပလပ်ဖောင်းမှတဆင့် အစိုးရကဝယ်ယူရေးကို စီစဉ်ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရှိရသည်။

ဝန်ကြီးချုပ်နာရင်ဒြာမိုဒီ၏ ဦးဆောင်မှုအောက်တွင် အစိုးရသည် လယ်သမားများထံမှ အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်းဖြင့် အမြင့်ဆုံးဝယ်ယူမှုဖြစ်ကြောင်း ဝန်ကြီးက ထပ်လောင်းပြောကြားထားကြောင်း၊ အစိုးရ၏ အချက်အလက်များအရ ယခင် UPA အစိုးရကာလဖြစ်သည့် ၂၀၀၃-၂၀၀၄ ခုနှစ်နှင့် ၂၀၁၃-၂၀၁၄ ခုနှစ်ကြားတွင် အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်း (MSP) ဖြင့် ပဲမျိုးစုံ တန်ချိန်သန်းပေါင်း ၄၅၀ သာဝယ်ယူခဲ့ကြောင်းနှင့် လက်ရှိ NDA အစိုးရ၏ ၂၀၁၄-၂၀၁၅ ခုနှစ်နှင့် ၂၀၂၃-၂၄ ခုနှစ်အကြားတွင် ပဲမျိုးစုံတန်ချိန် စုစုပေါင်း ၆၈၁ သန်း ဝယ်ယူပေးခဲ့ကြောင်း သိရှိရသည်။

တောင်သူများတောင်းဆိုလျက်ရှိသော အနိမ့်ဆုံးပံ့ပိုး သတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ယူခြင်းမရှိသောကြောင့် အခက်အခဲများကြုံတွေ့နေရသည့် လက်ဖက်နှင့်ကော်ဖီတို့ကို အရေးကြီးကုန်စည်အဖြစ်သတ်မှတ်ပေးရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးမြန်းမှုအပေါ် အနိမ့်ဆုံးပံ့ပိုးဈေးနှုန်းဖြင့် သီးနှံ ၂၃ မျိုးကို ခွင့်ပြုထားပြီးဖြစ်ကြောင်းနှင့် လက်ဖက်နှင့် ကော်ဖီကို ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ကိုင်တွယ်ဆောင်ရွက်လျက်ရှိသည်ဟု ဖြေကြားခဲ့ကြောင်း သိရှိရသည်။

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် ထုတ်ကုန်ပစ္စည်းများအတွက် ဈေးနှုန်းအာမခံချက်ရှိခြင်းသည် တောင်သူလယ်သမားများအား ဆွဲဆောင်မှုတစ်ရပ်ဖြစ်စေသဖြင့် အိန္ဒိယနိုင်ငံတွင် သီးနှံအမျိုးအစားသစ်များအတွက် အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်းများ ကျင့်သုံးဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်နေမှုအခြေအနေကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: Government to buy all masur, urad and tur produced by farmers : Agriculture minister, The Economic Times, 26 July 2024.

Agribusiness & Trade

## အိန္ဒိယသည် သကြားအတွက် အနိမ့်ဆုံးပွဲပိုးဈေးနှုန်းနှင့် အီသနောထုတ်လုပ်မှု မူဝါဒများကို မကြာမီ ဆုံးဖြတ်မည်

အိန္ဒိယသည် အနိမ့်ဆုံးပွဲပိုးသတ်မှတ်ဈေးနှုန်း ( Minimum Selling Price – MSP) တိုးမြှင့်ပေးရန် သကြားစက်လုပ်ငန်းတောင်းဆိုမှုများအပေါ် လာမည့်ရက်များအတွင်းဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်းနှင့် အီသနောထုတ်လုပ်မှုဆိုင်ရာ မူဝါဒကိုလည်း ရာသီသစ်မစတင်မီ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း အကြီးတန်းအစိုးရအရာရှိတစ်ဦးက စနေနေ့တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့အကြီးဆုံးသကြားသုံးစွဲသူဖြစ်သည့်အိန္ဒိယနိုင်ငံ၏ ၂၀၂၃-၂၄ ခုနှစ်အတွက် အီသနောထုတ်လုပ်မှုတွင် သကြားအသုံးပြုမှုအား ကန့်သတ်ချက်နှင့် ပြည်တွင်းဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်ပတင်ပို့မှုတားမြစ်ချက်သည် စက်တင်ဘာ ၃၀ ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်သည်။

သကြားထုတ်လုပ်သည့်လုပ်ငန်းရှင်များက အစိုးရသည် မကြာသေးမီနှစ်များအတွင်း ကြံဝယ်ယူမှုဈေးနှုန်းတိုးမြှင့်ပေးရန် ပြောဆိုဆွေးနွေးနေသော်လည်း ၂၀၁၉ ခုနှစ်ကတည်းက ပြောင်းလဲမှုမရှိသဖြင့် အနိမ့်ဆုံးပွဲပိုးသတ်မှတ်ဈေးနှုန်းကို တိုးမြှင့်ပေးရန် တောင်းဆိုလျက်ရှိသည်။

MSP မြှင့်တင်ပေးခြင်းဖြင့် လာမည့်အောက်တိုဘာ ၁ ရက်မှစတင်၍ ရာသီသစ်တွင် သန်းနှင့်ချီသောကြံတောင်သူများနှင့် ဝယ်ယူရေးကိစ္စရပ်များကို အချိန်မီဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များက ပြောကြားထားသည်။

ယခုနှစ်တွင် မုတ်သုံမိုးရွာသွန်းမှုကောင်းမွန်ပြီး ကြံစိုက်ဧကများ တိုးလာခြင်းကြောင့် လာမည့်ရာသီချိန်တွင် အထွက်နှုန်းတိုးတက်လာနိုင်ခြေရှိကြောင်း၊ ယင်းသည် အစိုးရ၏နောက်နှစ်အတွက် မူဝါဒများချမှတ်ရာတွင် အထောက်အကူပြုစေနိုင်စေမည်ဖြစ်ကြောင်း အစားအစာအတွင်းဝန်ဖြစ်သူ Chopra မှ ပြောကြားထားသည်။

ကြံစိုက်ဧရိယာသည် လွန်ခဲ့သည့်နှစ်က ဟက်တာ ၅.၇ သန်း (ဧက ၁၄.၁ သန်း) သာရှိရာမှ ယခုနှစ်တွင် ဟက်တာ ၅.၇၇ သန်း (ဧက ၁၄.၃ သန်း) အထိတိုးလာခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ယခုရာသီအကုန်တွင် သကြားလက်ကျန် မက်ထရစ်တန်ချိန် ၈ သန်းမှ ၈.၅ သန်းအထိ ကျန်ရှိမည်ဟုမျှော်လင့်ထားကြောင်း၊ ယင်းသည် နောက်နှစ်အတွက် ပိုမိုကောင်းမွန်သည့် မူဝါဒများချမှတ်နိုင်ရန်အထောက် အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း အီသနောထုတ်လုပ်မှုတွင် သကြားအသုံးပြုမှုကိုရည်ညွှန်းပြီး Chopra မှ ပြောကြားထားသဖြင့် အိန္ဒိယနိုင်ငံ၏ သကြားအတွက် မူဝါဒအပြောင်းအလဲများကို စောင့်ကြည့်လေ့လာသင့်ပါကြောင်း တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India set to decide soon on sugar selling price ethanol use, The Economic Times, 27 July 2024.

Agribusiness & Trade

## အိမ်နီးချင်းနိုင်ငံများမှ ချင်း(ဂျင်း)နှင့် ကွမ်းသီး အမြောက်အများ တင်သွင်းမှုကြောင့် မီဇိုရမ် တောင်သူများကို ထိခိုက်နစ်နာစေသည်ဟု ပြည်နယ် အထက်လွှတ်တော်အမတ်ပြောကြား

အိန္ဒိယနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများမှ ချင်း(ဂျင်း)နှင့် ကွမ်းသီးအမြောက်အများ တင်သွင်းမှုကြောင့် မီဇိုရမ်ပြည်နယ်နှင့် အရှေ့မြောက်ဒေသရှိ တောင်သူများကို ထိခိုက်နစ်နာစေသည်ဟု ပြည်နယ်အထက်လွှတ်တော်အမတ် K. Vanlalvena က ထုတ်ဖော်ပြောကြားခဲ့ကြောင်း Northeast Live ရုပ်သံသတင်းဌာန၏ အင်တာနက်စာမျက်နှာတွင် ယခုလ ၂၅ ရက်က ဖော်ပြထားသည်။

အဆိုပါ ပြည်နယ်အထက်လွှတ်တော်အမတ်က တရုတ်နိုင်ငံမှ ချင်း(ဂျင်း) တင်သွင်းမှုကြောင့် အရှေ့မြောက်ဒေသမှ တောင်သူလယ်သမားများကို ထိခိုက်စေသည်ဟု ပြောကြားခဲ့သည်။ ထို့ကြောင့် ပြည်ပမှ အဆိုပါ ကုန်ပစ္စည်းများတင်သွင်းမှုကို ချက်ခြင်းရပ်တန့်ပေးရန် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ပြောကြားသော ၎င်း၏မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းမှုကြောင့် ၎င်းတို့အနေဖြင့် လတ်ဆတ်သော ချင်း(ဂျင်း)နှင့် ကွမ်းသီး သီးနှံများရောင်းချရာတွင် အခက်အခဲများကြုံတွေ့နေရကြောင်း Vanlalvena မှ ပြောကြားခဲ့သည်။ အဆိုပါ သီးနှံနှစ်မျိုးသည် အရှေ့မြောက်ဒေသပြည်သူများအတွက် အဓိက အသက်မွေးဝမ်းကြောင်းမှုပြုရာ အရင်းအမြစ်ဖြစ်ကြောင်း ၎င်းမှ ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ လွှတ်တော်အမတ်က တရုတ်နိုင်ငံမှ ချင်း(ဂျင်း)အမြောက်အများတင်သွင်းမှုကို ချက်ချင်းရပ်တန့်ပေးရန် ဗဟိုအစိုးရထံ တောင်းဆိုခဲ့သည်။ ယင်းသို့ မလိုအပ်ပဲ ပြည်ပမှ ချင်း(ဂျင်း)နှင့် ကွမ်းသီးအမြောက်အများ တင်သွင်းမှုသည် အရှေ့မြောက်ဒေသရှိ တောင်သူများ၏ အလုပ်အကိုင်ကို ပျက်ပြားစေသည်ဟု ၎င်းမှ ထပ်လောင်းပြောကြားခဲ့သည်။

ထို့အပြင် ကောက်ပဲသီးနှံများ နယ်စပ်ဖြတ်ကျော် မှောင်ခိုရောင်းဝယ်ရာတွင် အိန္ဒိယ-မြန်မာ နယ်စပ်မှ မှောင်ခိုသမားများနှင့် အစိုးရအရာရှိများ ပါဝင်ပတ်သက်ဖွယ်ရှိကြောင်း အရှေ့မြောက်ဒေသမှ လူအများက ယူဆသည်ဟု ၎င်းက ပြောကြားခဲ့သည်။

သို့ပါ၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ် အထက်လွှတ်တော်အမတ်၏ အစီရင်ခံတင်ပြချက်ပါ ချင်း(ဂျင်း)နှင့် ကွမ်းသီးတင်သွင်းမှုရပ်တန့်ရန်နှင့် နယ်စပ်ဒေသမှောင်ခိုရောင်းဝယ်မှု၌ အိန္ဒိယ-မြန်မာနယ်စပ်မှ မှောင်ခိုသမားများနှင့် အစိုးရအရာရှိများ ပါဝင်ပတ်သက်ဖွယ်ရှိသည်ဟူသော တင်ပြချက်အား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား
သတင်းရင်းမြစ်။ Ginger & Areca Nut Imports From Neighouring Countries Hurting Mizoram Farmers: RS MP K Vanlavena | Northeast Live

Agribusiness & Trade

## ရုရှား Rosselkhoznadzor ဌာနသည် အမေရိကန်ပြည်ထောင်စုမှ ကြက်ထုတ်ကုန်များ တင်သွင်းမှုကို ကန့်သတ်

အမေရိကန်ပြည်ထောင်စုတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုတိုးလာခြင်းကြောင့် ရုရှားနိုင်ငံသို့ တင်သွင်းမှုနှင့် အမေရိကန်၏ ကြက်ထွက်ကုန်အားလုံး၏ နိုင်ငံအတွင်း ဖြတ်သန်းသွားလာမှု(Transit)အပေါ် ကန့်သတ်ချက်များ ထုတ်ပြန်ခဲ့ကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာန၊ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးကြီးကြပ်ကွပ်ကဲမှု ဖက်ဒရယ်အစိုးရဌာန (Rosselkhoznadzor)က ဖော်ပြခဲ့သည်။

၂၀၁၄ ခုနှစ်ကတည်းက ရုရှားနိုင်ငံသို့ အမေရိကန်၏ စားသောက်ကုန်ထုတ်ကုန်များ တင်ပို့မှု ရပ်ဆိုင်းခဲ့သည့်အတွက် ရုရှားဈေးကွက်ကို ထိခိုက်စေမည်မဟုတ်ကြောင်း၊ သို့သော် အမေရိကန်နိုင်ငံမှ ကြက်မွေးမြူရေးထုတ်ကုန်များအားလုံးသည် ရုရှားနယ်မြေမှတစ်ဆင့် အခြားနိုင်ငံများသို့ ဖြတ်သန်းသွားလာမှု(Transit)အပေါ် သက်ရောက်စေမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု မြင့်တက်လာမှုကြောင့် နိုင်ငံအများအပြားသည် ကြက်မွေးမြူရေးထုတ်ကုန်များ တင်သွင်းမှုကို ကန့်သတ်ထားကြောင်း၊ Rosselkhoznadzor သည်လည်း ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်မှစ၍ အမေရိကန်ပြည်ထောင်စုမှ ကြက်မွေးမြူရေးထုတ်ကုန်များအားလုံးကို ရုရှားနိုင်ငံသို့ တင်သွင်းခွင့်နှင့် နိုင်ငံအတွင်း ဖြတ်သန်းခွင့်အပေါ် ကန့်သတ်ချက်များ ချမှတ်လိုက်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://ria.ru/20240725/ptitsevodstvo-1962002586.html

..........................................................................................................

## ရုရှားနိုင်ငံမှ ဓာတ်ဆီတင်ပို့မှု တားမြစ်ချက် ဩဂုတ်လ ၁ ရက်မှစ၍ ပြန်လည်အသက်ဝင်မည်

ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ဓာတ်ဆီတင်ပို့မှု တားမြစ်ချက်သည် ဇူလိုင်လအတွက် ခြွင်းချက်အဖြစ် တင်ပို့ခွင့်ပြုပြီးနောက် ဩဂုတ်လ ၁ ရက်မှ စတင်၍ ပြန်လည်အသက်ဝင်မည်ဖြစ်ကြောင်း၊ အဆိုပါတားမြစ်ချက်ကို စက်တင်ဘာလမှ အောက်တိုဘာလအထိ သက်တမ်းတိုးရန် စွမ်းအင်ဝန်ကြီးဌာနက အစိုးရထံ အဆိုပြုထားကြောင်း ဒုတိယဝန်ကြီးချုပ် Mr. Alexander Novak က ပြောကြားခဲ့သည်။

အစိုးရသည် ကုမ္ပဏီများနှင့်အတူ AI–95 ဓာတ်ဆီ ထုတ်လုပ်မှုပမာဏတိုးမြှင့်လာစေရန် အစီအမံများကို လုပ်ဆောင်လျက်ရှိပြီး ဩဂုတ်လ ၁ ရက်မှစ၍ ဓာတ်ဆီတင်ပို့မှု တားမြစ်ချက်ကို ပြန်လည်အသက်ဝင်လာစေခြင်းသည် AI–95 ဈေးနှုန်းများ တည်ငြိမ်စေရန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ပြည်တွင်းဈေးကွက်တွင် ရောင်းလိုအားနှင့် ဝယ်လိုအား ဟန်ချက်ညီစေရေးသည် ပထမဦးစားပေးဖြစ်ပြီး ယင်းတားမြစ်ချက်ကို ဆက်လက်ကျင့်သုံးရန် လိုအပ်ကြောင်း သုံးသပ်ရပါက ဆက်လက်သက်တမ်းတိုးသွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အစောပိုင်းတွင် ရုရှားဈေးကွက်၌ ဝယ်လိုအားမြင့်မားသည့် octane ဓာတ်ဆီ (Ai–95 နှင့်အထက်) ထုတ်လုပ်မှုကိုတိုးမြှင့်ပေးရန် ရုရှားလောင်စာဆီသမဂ္ဂက အစိုးရအားတောင်းဆိုခဲ့သည်။ ရုရှားအစိုးရသည် နွေဦးနှင့် နွေရာသီကာလတွင် ဝယ်လိုအားကြီးထွားလာမှုကို ကာမိစေရန် ၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက်မှ စက်တင်ဘာလ ၁ ရက်အထိ ခြောက်လကြာ ဓာတ်ဆီတင်ပို့မှုတားမြစ်ချက်ကို ထုတ်ပြန်ခဲ့နောက် ဇူလိုင်လ ၁ လအား ခြွင်းချက်အနေဖြစ် တင်ပို့ခွင့်ပြုခဲ့သည်။

ဆောင်းတွင်းသုံးလောင်စာဆီအပါအဝင် ဒီဇယ်ဆီတင်ပို့မှုကို အစိုးရကတားမြစ်မည်မဟုတ်ကြောင်း၊ ဒီဇယ်ဆီထုတ်လုပ်မှုများ တည်ငြိမ်လျက်ရှိပြီး ဆောင်းရာသီအတွက်လည်း လုံလောက်သည့်ပမာဏရှိကြောင်း သိရှိရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source :  https://www.interfax.ru/business/972435

…………………………………………………………………………………………

Agribusiness & Trade